**ရုပ်မြင်အထောက်အကူများနှင့် ရုပ်ပုံပါသောစာအုပ်များ**
VISUAL AIDS AND PICTURE BOOKS - IDMM

နေ့စွဲ- ၁၈/၁၉ (တစ်နာရီ)

**ရည်မှန်းချက်များ-** ဤသင်ခန်းစာကိုလုပ်ဆောင်ပြီးစီးသည့်နောက်တွင် ပါဝင်လုပ်ဆောင်သူများတို့ (သင်တန်းသား၊ သူ) သည်

၁. ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေး နှင့် စိတ်ပိုင်းဆိုင်ရာအကြောင်းအရာများကို ရှာဖွေတွေ့ရှိသည့် အဖွဲ့အတွင်းသို့ ပေါင်းစပ်ဖွဲ့စည်းနိုင်လိမ့်မည်။
၂. ရုပ်ပုံစာအုပ် သို့မဟုတ် အခြားရုပ်မြင်သင်ထောက်ကူ ပစ္စည်းများ အသုံးပြုခြင်းကို လွယ်ကူချောမောစေနိုင်လိမ့်မည်။
၃. အဖွဲ့နှင့် လူ့အသိုင်းအဝိုင်း ၏ လိုအပ်ချက် အပေါ်အခြေခံပြီး အကြောင်းအရာများကိုမည်သို့ရွေးချယ်ရန် နားလည်နိုင်လိမ့်မည်။

**<u>သင်တန်းဆရာများအတွက်ခြုံငုံသုံးသပ်ခြင်း-</u>**

**I. လှုပ်ရှားမှုပုံရေးဆွဲခြင်း (တစ်ခုရွေးပါ)**

**က. လုပ်ရှားမှု ၁- တစ်ဦးအကြောင်းတစ်ဦးလေ့လာခြင်း (၁၀")**

**ရှင်းလင်းဖေါ်ပြခြင်း-** ဤလှုပ်ရှားမှု က တစ်ဦးကိုတစ်ဦးပိုမို၍သိကျွမ်းလာ အောင်၊ ရုပ်မြင်သင်ထောက်ကူပစ္စည်းများကိုအသုံးပြုရန် ခွင့်ပေးလိမ့်မည်။ ကျွန်တော်တို့သည် အနုပညာ၊ လက်ရာများကို မမျှော်လင့်ပါ။ မည်သူ မျှ သူ/သူမ ၏ ပုံရေးဆွဲခြင်းအတွက် စစ်ဆေးစီရင်ခြင်းမခံရ။ အခြားသူများနှင့် သင်မျှဝေလိုသည့် သင်၏ ဘဝအကြောင်းကို ပြသရန် ပုံဆွဲပါ။ သင့်အတွက် အဘယ်အရာသည် အရေးကြီးသနည်း။ သင်၏စိတ်ဝင်စားမှုများကား အဘယ်နည်း။

**ဝေမျှခြင်း-** ၁-၂ မိနစ်ခန့်အကြာတွင် အယောက်စီတိုင်းသည် နှစ်ယောက်တစ်တွဲ (စုံတွဲ) ဖြင့် သူတို့ကိုယ်တိုင်မိတ်ဆက်ရန် မိမိတို့၏ရုပ်ပုံကို အသုံးပြုကြသည်။

**ဆွေးနွေးချက်-**

က. လူအနည်းငယ်က စုပေါင်းအဖွဲ့နှင့်ဝေမျှသည်။ အခြားသူတစ်ဦးအကြောင်း သင်လေ့လာသိရှိခဲ့ရသည့် အချက်တစ်ချက်ကား အဘယ်နည်း။
ခ. ဒီလှုပ်ဆောင်မှုမှ အဘယ်အရာကိုလေ့လာခဲ့သနည်း။ သတင်းအချက်အလက် အသစ်များကို စကားလုံးများ၊ရုပ်ပုံများဖြင့် လေ့လာခြင်း နှင့်ပတ်သက်၍ သင့်အား အဘယ်အရာကိုပြသခဲ့သနည်း။


သို့မဟုတ်

**ခ. လှုပ်ရှားမှု ၂- "ဂါဂါ" ပုံကိုရေးဆွဲပါ။ (၁၀")**

**ရှင်းလင်းဖေါ်ပြချက်-** ဤလှုပ်ရှားမှုသည် ကျွန်တော်တို့ကို ဆွေးနွေးမှု သို့ ပို့ဆောင်ပေးသော ဂိမ်းတခုဖြစ်သည်။ ကျွန်တော်သည် တိရိစ္ဆာန်တစ်ကောင်နှင့် ပတ်သက်သော ရေးသားဖော်ပြချက်ကို ဖတ်ကြားသွားပြီး၊ သင်သည်ကျွန်တော်ဖေါ်ပြသည့်အရာကိုပုံဆွဲပါ။ ကျွန်တော်သည် ရေးသား ဖေါ်ပြချက်ကိုနှစ်ကြိမ်ဖတ်ကြားပါမည်။ သင်သည် ဤလှုပ်ရှားမှုကိုလုပ်ဆောင်စဉ် သင်၏တုန့်ပြန်မှုများကိုစဉ်းစားပါ။

**ဖေါ်ပြချက်-**
"ခန္ဓာကိုယ်သည် အရမ်းကို ကြီးမားတဲ့ ကွေးကောက်သောနောက်ကျောကုန်းနဲ့ ခြေလက်တို့ သည် တိုတောင်းပြီး အလွန်ကြီးသည်။ လက်ခြေထိပ်တွင် ကြီးသောခြေသည်းလက်သည်းတစ်ခုနှင့် အတူ အဆုံးသတ်ခဲ့သည်။ အမြီး အရင်းမှာထူပြီး ထိပ်ပိုင်းတွင်ဆုံးသည်။ ဦးခေါင်းသည် ရှည်လျားသည်။ လည်ပင်းသည် တိုတောင်းပြီး ထူသည်။ နှုတ်သီး (တိရစ္ဆာန်နှာတံ၊ နှာ မောင်း) သည် နှာခေါင်းပေါက်ကဲ့သို့သော အဝိုင်းတစ်ခုနှင့်တူသည်။ ပါးစပ်သည် အလွန်ရှည်လျားပြီး သေးသွယ်သောလျှာတစ်ခုနှင့်အတူ တန်ဆာဆင်ထားသော ပြွန်တံငယ်လေးတစ်ခုနှင့် တူသည်။"

**ဆွေးနွေးချက်-**



က. သင်သည် ဤလှုပ်ရှားမှုအကြောင်းနှင့်ပတ်သက်၍ အဘယ်သို့ခံစားသနည်း။ (၎င်းသည်မရှင်းလင်းပါ။ သတင်းအချက်အလက် လုံလောက်မှုမရှိပါ။ ကျွန်တော်သည် အစကတည်းက နားမလည်ပါ။

ခ. ကျွန်တော်တို့သည် သင်ရေးဆွဲသောပုံအားလုံးတို့ကို တွေ့နိုင်သလား။ကားချပ်သို့ ရုပ်ပုံကို (ဥပမာ- နေရာချထား) တိပ် သို့မဟုတ် စေးကပ်ဖြင့် ကပ်ပါ။

ဂ. "ဂါဂါ" ရုပ်ပုံကို ပြသပါ။ ရေးသားဖေါ်ပြချက်ကို ပြန်ဖတ်ပါ။

ဃ. အဘယ်ရုပ်ပုံသည် သာ၍နီးစပ်သနည်း။ သူတို့ကို လက်ခုပ်သြဘာပေးပြီး ဂုဏ်ပြုပါ။

င. သင်သည် ဤလှုပ်ရှားမှုမှ အဘယ်အရာကို လေ့လာသင်ယူခဲ့သနည်း။ စကားလုံးများ၊ ပုံရိပ်များနှင့်အတူ အသစ်သောသတင်းအချက်အလက်လေ့လာခြင်းအကြောင်းနှင့် ပတ်သက်၍ သင့်အား အဘယ်အရာကိုပြသခဲ့သနည်း။

## II. ရုပ်မြင်အထောက်အကူများ (၁၅")

အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းကို ဖတ်ပါ။
**ရုပ်မြင်အထောက်အကူတစ်ခု**ဆိုသည်မှာ ရေးသားထားသော သို့မဟုတ် နှုတ်တိုက်သောသတင်းအချက်အလက်ကို ထပ်မံဖြည့်စွက်သည့် အရာဝတ္ထု သို့မဟုတ် လှုပ်ရှားမှုတစ်ခုကို ခေါ်သည်။ ထိုမှသာ အကြောင်းအရာကို သာ၍လွယ်ကူစွာနားလည်နိုင်သည်။

**က. <u>ယေရှုသည် အဘယ်ကဲ့သို့သော ရုပ်မြင်အထောက်အကူများကို အသုံးပြုခဲ့သနည်း။</u>**

စုပေါင်းအဖွဲ့တွင် စဉ်းစား အဖြေရှာနည်း ကို သုံး၍ အဖြေရှာပါ။ သင်ပုန်းပေါ်တွင် ရေးပါ။ စာရေးသူအတွက် သမ္မာကျမ်းစာကိုးကားချက်များကို ဝေငှပါ။

၁. ဆား- မဿဲ ၅း၁၃

၂. အလင်း- မဿဲ ၅း၁၄-၁၆

၃. တဆေးနှင့် မုန်ညင်းစေ့- လုကာ ၁၃း၂၀

၄. ပြောင့်ငယ်နှင့် သစ်တုံး -မဿဲ ၇း၃-၅

၅. ငှက်များနှင့် တောနှင်းပန်းများ- မဿဲ ၆း၂၅-၃၄

၆. မုန်ညင်းစေ့- လုကာ ၁၇း၆

၇. မုန့်နှင့် ခွက်- လုကာ ၂၂း၁၉-၂၀

၈. စပျစ်နွယ်ပင်နှင့်အခက်များ- ယောဟန် ၁၅း၁-၆

၉. သူ၏အိမ်ကိုကျောက်ပေါ်တွင်ဆောက်သူတစ်ဦးနှင့် သဲပေါ်တွင်ဆောက်သူအခြားတစ်ဦး- မဿဲ ၇း၂၄-၂၇

၁၀. စသည်ဖြင့်............

**ခ. <u>ကျွန်တော်တို့ သင်တန်းတွင်အသုံးပြုနိုင်သော ရုပ်မြင်သင်ထောက်ကူပစ္စည်းများက အဘယ်အရာနည်း။ ကျွန်တော်တို့သည်အခြားသူများကိုလေ့ကျင့်ရာတွင်စဉ်းစား အဖြေရှာနည်းအမြင်အာရုံအထောက်အကူများကို အသုံးပြုနိုင်သည်။</u>**

၁. ဓါတ်ပုံများ

၂. ရေးဆွဲပုံများ

၃. ရုပ်ပိုင်းဆိုင်ရာအရာဝတ္ထုများ

၄. ရုပ်ပုံပါဝင်သောစာအုပ်များ သို့မဟုတ် လက်ကမ်းစာစောင်များ

၅. ဇာတ်ရုံ သို့မဟုတ် ရုပ်သေးရုပ်ပြသခြင်း

၆. သရုပ်ဖော်ပြသခြင်း

၇. ဂိမ်းကစားနည်းများ

**III. အခြားသူများအားသင်ကြားရန် ရုပ်ပါစာအုပ်များကို အသုံးပြုခြင်း**

တစ်ဦးစီအား သူတို့ဒေသခံဘာသာစကားဖြင့် ကျန်းမာရေးဆိုင်ရာအကြောင်းအရာတစ်ခုကို ရေးသားထားသော ရုပ်ပုံပါစာအုပ်တစ်အုပ်၏မိတ္တူတစ်စောင်ကို ပေးပါ။

**က. <u>ရုပ်ပုံပါစာအုပ်တစ်အုပ်ကို အဘယ်ကဲ့သို့အသုံးပြုရမည်ကို ညွှန်ပြပါ။ (စုပေါင်းအဖွဲ့)</u>**

၁. စာမျက်နှာအဖုံးကို ဖွင့်ပါ။ "ယနေ့ ကျွန်တော်တို့သည် ______ အကြောင်းကို လေ့လာသွားမည်။ သင်ညွှန်ပြနေသောရုပ်ပုံပါစာအုပ်၏ခေါင်းစဉ်ကို ပြောပါ။

၂. ဤရုပ်ပုံတွင် သင်အဘယ်အရာကို တွေ့သနည်း။ ဤအဖြစ်အပျက်သည် ကျွန်တော်တို့၏နေရာတွင် ဖြစ်ပျက်သလား။

၃. ပထမစာမျက်နှာသို့လှန်လိုက်ပါ။ _______ အကျိုးဖြစ်စေသောတစ်ချို့ကား အဘယ်အရာနည်း။ မေးခွန်းများမေးမြန်းခြင်းဖြင့် အဖြေများကိုရှာဖွေ/တွေ့ရှိစေရန် လေ့လာသင်ယူသူအား

ကူညီပါ။

၄. ဒုတိယစာမျက်နှာသို့လှန်လိုက်ပါ။ _____ ကိုဆက်ဆံပြုမူရန် တစ်ချို့နည်းလမ်းများမှာ အဘယ်နည်း။ နေအိမ်၌သူတို့ဆက်ဆံပြုမူသည့်နည်းလမ်းများနှင့်အတူ သူတို့အား ဖြေဆိုစေပါ။

၅. နောက်စာမျက်နှာသို့လှန်ပါ။ သင်သည် ဆေးခန်း သို့မဟုတ် ဆေးရုံသို့ဘယ်အချိန်တွင်သွား သင့်သနည်း။ အဖွဲ့ထံမှ အဖြေများကို စောင့်ပါ။

၆. နောက်စာမျက်နှာသို့လှန်ပါ။ သင်သည် __________ကို အဘယ်သို့တားဆီးနိုင် သနည်း။ သို့မှသာ သင်သည်ဤအရာကိုအနာဂါတ်တွင် မကြုံရပေ။

၇. သင့်အတွက်အသစ်ဖြစ်သော ထိုအရာမှ ယနေ့ သင် ဘယ်အရာကိုလေ့လာသင်ယူ ခဲ့သနည်း။

၈. သင်၏နေအိမ်၌ အဘယ်ပြောင်းလဲမှုများကို ပြုလုပ်မည်နည်း။

## ခ. ရုပ်ပုံစာအုပ်ကိုအသုံးပြုသောအခါ အဘယ်အရာ ကို မှတ်မိရန် အရေးကြီးသနည်း။

၁. တပည့်များအား အဖြေများကို ပြောပြသည်ထက် ရှာဖွေတွေ့ရှိစေရန် သူတို့ကိုကူညီပါ။

၂. သူတို့နားလည်သဘောပေါက်စေခြင်းအား သေချာစေပြီး၊ အကြောင်းရင်းများ၊ ကုသမှု နှင့် ကာကွယ်တားဆီးခြင်းများတို့ကို ရှင်းရှင်းလင်းလင်းဖြစ်စေပါ။

၃. အချက်များအားလုံးကို လွှမ်းခြုံစေရန် သေချာစေပါ။ အကြောင်းအရာတစ်ခုလုံးကို သင်ကြားပါ။

## ဂ. ရုပ်ပုံပါသောစာအုပ်များအားအသုံးပြုခြင်းကို ကျင့်သုံးပါ။ (အဖွဲ့ငယ်)

၁. သင်၏အိမ်နီးနားချင်းများနှင့်အတူ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးအကြောင်းအရာ (ဝမ်းလျှောခြင်း) တစ်ခုအတွက် ရုပ်ပုံပါဝင်သောစာအုပ်သင်ကြားခြင်းကို ကျင့်သုံးပါ။ တစ်ဦးစီသည် ရုပ်ပုံပါသောစာအုပ်ကိုသင်ကြားခဲ့သည်တိုင်အောင် လုပ်ပါ။

## ဃ. ရုပ်ပုံပါဝင်သောစာအုပ်များ၏အကျိုးကျေးဇူးများမှာ အဘယ်နည်း။ (စုပေါင်းအဖွဲ့)

၁. ရုပ်ပုံပါစာအုပ်များသည် အသုံးပြုရန် ရိုးရှင်းပြီး၊ လွယ်ကူသောစာအုပ်များဖြစ်ကြသည်။

၂. သတင်းအချက်အလက်အားလုံးသည် တစ်နေရာတည်းတွင်ရှိသည်။

၃. သူတို့သည် အခြေခံဗဟုသုတများ ကို သင်ကြားပေးသည်။

၄. ဤအရာသည် တင်ပြခြင်းကိုပြုလုပ်နေသောသူအား ယုံကြည်စိတ်ချမှုကို ဖန်တီးသည်။

၅. သင်ကြားမှုအမြောက်အများကို ရုပ်ပုံများအားဖြင့် ပြီးစီးစေသည်။

၆. သူတို့မည်မျှနားလည်သည်ကိုတွေ့မြင်ရန် မေးခွန်းများကိုမေးမြန်းပါ။

၇. သူတို့ကို ခြားနားသောတည်နေရာများတွင် အသုံးပြုနိုင်သည်။

၈. ရုပ်ပုံများသည် စိတ်ဝင်စားစရာကောင်းပြီး၊ ဆွဲဆောင်မှုလည်းရှိသည်။

၉. ရုပ်ပုံပါစာအုပ်များသည် သူတို့အဘယ်အရာကိုသင်ကြားခဲ့သည်ကို အကျဉ်းချုပ်သည်။

၁၀. ရုပ်ပုံစာအုပ်များသည် တပည့်တော်များကိုသူတို့၏နေအိမ်သို့သွားသောအခါ အဘယ်အရာကို သင်ကြားရမည်ကို သတိပေးသည်။

၁၁. မှန်ကန်သော သတင်းအချက်အလက်များ သင်ကြားပေးခြင်း ကို သေချာစေရန်ကူညီ သည်။

၁၂. ရုပ်ပုံစာအုပ်များသည် မည်သည့်အချက်များကို နားမလည်ကြောင်း သို့မဟုတ် မည်သည့်နေရာတွင် သင်ကြားခြင်းကိုသာ၍လိုအပ်သည်ကို ပြသသည်။

၁၃. ရုပ်ပုံပါစာအုပ်များကို ဒေသခံ IDMM သင်တန်းမှူးနှင့် တစ်ကမ္ဘာလုံးနှင့်ဆိုင်ရာ CHE ကွန်ယက်မှ ရရှိနိုင်သည်။ သူတို့ကို ဒေသခံဘာသာများသို့ပြန်ဆိုထားသည်။

## IV. အကျဉ်းချုပ်

ရုပ်မြင်အထောက်အကူများနှင့် ရုပ်ပုံပါစာအုပ်များကဲ့သို့သောတန်ဆာပလာများကိုအသုံးပြုခြင်းသည် သင်တန်းမှူးနှင့် လေ့လာသင်ယူသူတို့အား ________________ ရန် ကူညီသည်။

၁. တပည့်တော်များနှင့် သူတို့၏အိမ်နီးနားချင်းများ; တွေ့ကြုံနေသော ကျန်းမာရေးနှင့်လူမှုရေးပြဿနာအကြောင်းအရာများ ပြောဆိုရန်ကူညီသည်။

၂.လက်ရှိ ခေါင်းစဉ် ၏ အဓိက အချက်များကို အခြားသူများအား သင်ကြားပေးရန် ပြန်လည်သုံးသပ်ပါ။

၃. သမ္မာကျမ်းစာပုံပြင်များမှ ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုရေး အကြောင်းအရာများ သို့ ကူးပြောင်းခြင်း၊

၄. ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သူတို့၏ ဘဝများတွင် လက်တွေ့ကျင့်သုံး၍ နည်းလမ်းများ တိုးတက်လာစေရန် တပည့်တော်များကို အားပေးတိုက်တွန်းရန် ကူညီသည်။

**ကိုးကားချက်များ-**


**ရပ်တည်မှု-** ပါဝင်သူသင်တန်းသူ/သားများတို့သည် နည်းစနစ်ကအတော်အတန်လွယ်ကူခြင်းနှင့် တိုးပွားများပြားလာသည်ကိုတွေ့မြင်သည်။

**ကျွမ်းကျင်မှု-** ပါဝင်သူသင်တန်းသူ/သားများတို့သည် ရုပ်ပုံပါသောစာအုပ်များကို အဘယ်သို့ အသုံးပြုရန် သိရှိလိမ့်မည်။

**အကဲဖြတ်ခြင်း-** ခေါင်းဆောင်များသည် ရှာဖွေတွေ့ရှိသောအဖွဲ့များတွင် ရုပ်ပုံပါစာအုပ်များကို အသုံးပြုနေသလား။

**တန်ဆာပလာများ** - စက္ကူစာရွက်ချပ်၊ မှတ်သားရန်ဖောင်တိန်များ၊ တိပ်ပြား၊
- ကြေညာချက်မှတ်စု သို့မဟုတ် သေးငယ်သောစာရွက်ကလစ်များ/ပုံရေးဆွဲခြင်းများအတွက်အတွက်တိပ်ပြား
- ဝမ်းလျှောခြင်းရုပ်ပုံပါစာအုပ်များ (တစ်ဦးအတွက်တစ်ခု) သို့မဟုတ် ရုပ်ပုံပါအခြားစာအုပ်များ

သင်တန်းမှူးသည် မိတ္တူတစ်ခုကို ညွှန်ပြသည်။



**သမ္မာကျမ်းစာကိုးကားချက်များ- ရုပ်မြင်အထောက်အကူများနှင့် ရုပ်ပါသောစာအုပ်များ**
(သင်တန်းမှူးကိုးကားချက်အတွက်သာ- မှတ်စုအတွက်မဟုတ်)

**ဆား - ရှင်မဿဲခရစ်ဝင် ၅း၁၃**
**၁၃** သင်တို့သည်ဤလောက၏ဆားဖြစ်ကြ၏။ ဆားမူကား၊ အငန်အကင်းပျောက်လျှင်ငန်သောအရသာကို အဘယ်သို့ရပြန်မည်နည်း။ပြင်သို့ပစ်လိုက်၍ကျော်နင်းခြင်းမှတပါးအဘယ်အသုံးမျှမဝင်။

**အလင်း - ရှင်မဿဲခရစ်ဝင် ၅း၁၄-၁၆**
**၁၄** သင်တို့သည်ဤလောက၏အလင်းဖြစ်ကြ၏။တောင်ထိပ်၌တည်သောမြို့ကိုမကွယ်နိုင်။
**၁၅** ဆီမီးထွန်း၍တောင်းဇလားအောက်၌ဖုံးထားလေ့မရှိ။ အိမ်သူအိမ်သားအပေါင်းတို့သည်အလင်းကို ရစေခြင်းငှါဆီမီးခုံပေါ်မှာတင်ထားလေ့ရှိ၏။
**၁၆** ထိုနည်းတူ၊သူတပါးတို့သည်သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့၏အဘဂုဏ်တော်ကိုချီးမွမ်းစေခြင်းငှါ၊သူတပါးရှေ့၌သင်တို့အလင်းကိုလင်းစေကြလော့။

**တဆေးနှင့် မုန့်ညင်းစေ့ -ရှင်လုကာခရစ်ဝင် ၁၃း၂၀-၂၁**
**၂၀** ကျောက်ပေါ်သောအရပ်၌အစေ့ကြဲခြင်းအကြောင်းအရာကား၊တရားစကားကိုကြား၍စမ်းမြောက်သော စိတ်နှင့်ချက်ခြင်းခံယူသော်လည်း၊
**၂၁** စိတ်နှလုံး၌အမြစ်မစွဲခဏသာတည်သဖြင့်၊ တရားစကားကြောင့်အမှုအခင်းနှင့်ညှဉ်းဆဲခြင်းကိုခံရသော အခါ ချက်ချင်းဖောက်ပြန်တတ်သည်ဟုဆိုလိုသတည်း။

**ပြောင့်ငယ်နှင့်သစ်တုံး - ရှင်မဿဲခရစ်ဝင် ၇း၃-၅**
**၃** ကိုယ်မျက်စိ၌ရှိသောတံကျင်ကိုမအောက်မေ့ဘဲညီအစ်ကိုမျက်စိ၌ရှိသောပြောင့်ငယ်ကိုအဘယ်ကြောင့် ကြည့်ရှုသနည်း။
**၄** ကိုယ်မျက်စိ၌တံကျင်ရှိလျက်ပင်ညီအစ်ကိုအားသင်၏မျက်စိ၌ရှိသောပြောင့်ငယ်ကိုထုတ်ပါရစေဟု အဘယ်သို့ဆိုသနည်း။
**၅** လျှို့ဝှက်သောသူ၊ကိုယ်မျက်စိ၌ရှိသောတံကျင်ကိုရှေးဦးစွာထုတ်ပစ်လော့။နောက်မှညီအစ်ကိုမျက်စိ၌ ရှိသောပြောင့်ငယ်ကိုထုတ်ပစ်ခြင်းငှါရှင်းလင်းစွာမြင်လိမ့်မည်။

**ငှက်များနှင့်တောနှင်းပင်များ - ရှင်မဿဲခရစ်ဝင် ၆း၂၅-၃၄**
**၂၅** ထိုကြောင့်ငါဆိုသည်ကား၊အဘယ်သို့စားသောက်ရမည်ဟုအသက်အဘို့မစိုးရိမ်ကြနှင့်။ အဘယ်သို့ စားသောက်ရမည်ဟုအသက်အဘို့မစိုးရိမ်ကြနှင့်။အဘယ်သို့ဝတ်ရမည်ဟုကိုယ်အဘို့မစိုးရိမ်ကြနှင့်။အစာထက် အသက်မြတ်သည်မဟုတ်လော။အဝတ်ထက်ကိုယ်မြတ်သည်မဟုတ်လော။
**၂၆** မိုဃ်းကောင်းကင်၌ကျင်လည်သောငှက်များကိုကြည့်ရှုဆင်ခြင်ကြလော့။ထိုငှက်တို့သည်မျိုးစေ့ကိုမစိုက် မကြဲ၊စပါးကိုမရိတ်၊ကျီ၌မစုမသွင်း။သို့သော်လည်းကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည်သူတို့ကို ကျွေးမွေးတော်မူ၏။ထိုငှက်တို့ထက်သင်တို့သည်အလွန်မြတ်သည်မဟုတ်လော။
**၂၇** အဘယ်သူသည်စိုးရိမ်ခြင်းအားဖြင့်မိမိအသက်တာကိုတတောင်ခန့်မျှတိုးပွါးစေနိုင်သနည်း။

၂၈ အဂတ်အဘို့အဘယ်ကြောင့်စိုးရိမ်ရသနည်း။တောနင်းပင်တို့သည်အဘယ်သို့သောအားဖြင့်ကြီးပွားသည်ကိုဆင်ခြင်အောက်မေ့ကြလော့။ထိုအပင်တို့သည်အလုပ်လည်းမလုပ်၊ချည်ဖြစ်စေခြင်းငှါမငင်မဂင့်။
၃၀ ယုံကြည်ခြင်းအားနည်းသောသူတို့၊ ယနေ့အသက်ရှင်လျက်နက်ဖြန်မီးဖိုထဲသို့ရောက်သော တောမြက်ပင်ကိုဘုရားသခင်သည်ထိုသို့သောအဂတ်နှင့်ဖုံးလွှမ်းတော်မူလျှင်၊ထိုမျှမကသင့်ကိုအဂတ်နှင့်ဖုံးလွှမ်းတော်မူမည်မဟုတ်လော။
၃၁ ထို့ကြောင့်အဘယ်သို့စားသောက်ရအံ့နည်း၊အဘယ်သို့ဂတ်ရအံ့နည်းဟူ၍မစိုးမရိမ်ကြနှင့်။ ထိုအရာများကိုသာသနာပလူတို့သည်ရှာဖွေတတ်ကြ၏။
၃၂ ထိုအရာများကိုသင်တို့သည်အသုံးလိုကြောင်းကိုကောင်းကင်ဘုံ၌ရှိတော်မူသောသခင်တို့အဘသည်သိတော်မူ၏။
၃၃ ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကိုရှေ့ဦးစွာရှာကြလော့။ နောက်မှထိုအရာများကိုထပ်၍ပေးတော်မူလတ္တံ့။

**မုန်ညင်းစေ့- ရှင်လုကာခရစ်ဂင် ၁၇း၆**

၆ သခင်ဘုရားက၊သင်တို့သည်မုန်ညင်းစေ့ခန့်မျှလောက်သောယုံကြည်ခြင်းရှိလျှင်ထိုသဖန်းပင်ကို၊ အချင်းအပင်၊သင်သည်အမြစ်နှင့်တကွနှုတ်၍ပင်လယ်၌စိုက်လျက်နေလော့ဟုဆိုကြသော်သင်တို့စကားကိုနားထောင်လိမ့်မည်။

**မုန့်နှင့်ခွက်- ရှင်လုကာခရစ်ဂင် ၂၂း၁၉-၂၀**

၁၉ ထိုအခါမုန့်ကိုယူ၍ကျေးဇူးတော်ကိုချီးမွမ်းပြီးမှမုန့်ကိုဖဲ့၍၊ဤမုန့်ကားသင်တို့အဘို့အလို့ငှါစွန့်သောငါ၏ကိုယ်ဖြစ်၏။ငါ့ကိုအောက်မေ့ဘို့ရာဤသို့ပြုကြလော့မိန့်တော်မူ၏။
၂၀ ထိုနည်းတူညစာစားပြီးမှခွက်ကိုလည်းယူ၍၊ဤခွက်ကားသင်တို့အဘို့ငှါသွန်းသောငါ၏အသွေး၌ တည်သောပဋိညာဉ်တရားသစ်ဖြစ်၏။

**စပျစ်နွယ်ပင်နှင့်အခက်များ - ရှင်ယောဟန်ခရစ်ဂင် ၁၅း၁-၆**

၁ ငါသည်မှန်သောစပျစ်နွယ်ပင်ဖြစ်၏။ငါ့ခမည်းတော်သည်လည်းဥယျာဉ်စောင့်ဖြစ်တော်မူ၏။
၂ ငါ၌အသီးမသီးသောအခက်ရှိသမျှတို့ကိုခုတ်ပစ်တော်မူ၏။အသီးသီးသောအခက်ရှိသမျှတို့ကိုသာ၍သီးစေခြင်းငှါသုတ်သင်ရှင်းလင်းတော်မူ၏။
၃ သင်တို့သည်ငါဟောပြောသောစကားအားဖြင့်ယခုပင်ရှင်းလင်းလျက်ရှိကြ၏။
၄ ငါ၌တည်နေကြလော့။ငါသည်လည်းသင်တို့၌တည်နေမည်။စပျစ်ခက်သည်အပင်၌မတည်လျှင်၊ ကိုယ်အလိုအလျောက်အသီးမသီးနိုင်သကဲ့သို့သင်တို့သည်ငါ၌မတည်လျှင်အသီးမသီးနိုင်ကြ။
၅ ငါသည်စပျစ်နွယ်ပင်ဖြစ်၏။သင်တို့သည်အခက်များဖြစ်ကြ၏။သင်တို့သည်အခက်များဖြစ်ကြ၏။အကြင်သူသည်ငါ၌တည်၍ငါသည်လည်းသူ၌တည်၏၊ထိုသူသည်များစွာသောအသီးကိုသီးတတ်၏။ငါနှင့်ကွာလျှင်သင်တို့သည်အဘယ်အမှုကိုမျှမတတ်နိုင်ကြ။
၆ ငါ၌မတည်သောသူသည်သွေ့ခြောက်သောအခက်ကဲ့သို့ပြင်သို့ပစ်လိုက်ခြင်းကိုခံရ၏။ ထိုသို့သောအခက်များကိုလူတို့သည်စုသိမ်း၍မီးထဲသို့ချလိုက်ကြသဖြင့်မီးလောင်ခြင်းသို့ရောက်ကြ၏။

**ပညာရှိသူနှင့်ပညာမဲ့သူအိမ်ဆောက်နည်း - ရှင်မဿဲခရစ်ဝင် ၇း၂၄-၂၇**

**၂၄** အကြင်သူသည်ငါဟောပြောသောဤစကားကိုကြား၍နားထောင်၏၊ထိုသူသည်ကျောက်ပေါ်မှာအိမ်ဆောက်သောပညာရှိနှင့်တူကြောင်းကိုငါပုံပြမည်။

**၂၅** မိုယ်းရွာ၍ရေစီးသည်နှင့်လေလာ၍ထိုအိမ်ကိုတိုက်သည်ရှိသော်၊ ကျောက်ပေါ်မှာတည်သောကြောင့်မပြိုမလဲနေ၏။

**၂၆** အကြင်သူသည်ငါဟောပြောသောဤစကားကိုကြား၍နားမထောင်ဘဲနေ၏။ ထိုသူသည်သဲပေါ်မှာအိမ်ဆောက်သောလူမိုက်နှင့်တူကြောင်းကိုငါပုံပြမည်။

**၂၇** မိုယ်းရွာ၍ရေစီးသည်နှင့်လေလာ၍ထိုအိမ်ကိုတိုက်သောအခါ၊ကြီးစွာသောပြိုလဲခြင်းသို့ရောက်လေသည်ဟုဟောတော်မူ၏။